**နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပေးအပ်ပွဲ အခမ်းအနားကျင်းပခြင်း**

နိုင်ငံခြားအာမခံကုမ္ပဏီများအား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ပေးအပ်ပွဲ အခမ်းအနားကို ၂၈.၁၁.၂၀၁၉ ရက်နေ့ နံနက် ၁၁ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပခဲ့ပြီး အဆိုပါအခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအားဖွင့်လှစ်ခဲ့ပါသည်။

ဆက်လက်၍ အာမခံလုပ်ငန်းကဏ္ဍ လွတ်လပ်ခွင့်ပြုရေး လုပ်ငန်းစဉ်အရ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းမှ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား ရာနှုန်းပြည့်ပိုင်ဆိုင်သည့် အသက်အာမခံကုမ္ပဏီ (၅) ခုတို့အား လိုင်စင်ပေးအပ်ခဲ့ပါသည်။ ယင်းနောက် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်ဝင်းမှ အသက်နှင့် အထွေထွေအာမခံလုပ်ငန်း ဖက်စပ်လုပ်ကိုင်ခွင့် ရရှိခဲ့သည့် ကုမ္ပဏီ (၆) ခုတို့အား လုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ပေးအပ်ခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ လိုင်စင်ပေးအပ်ခြင်း အခမ်းအနားအား နေ့လည် (၁၂:၀၀) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။